# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး

# (၁၇) ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၄း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နေ့လယ် ၁၄း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၄း၃၂။**

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် (၁၇) ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၄း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈၃.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ် တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၄း၃၆ ။**

**ဥက္ကဋ္ဌ။** ။ ခွင့်နှင့်ပတ်သက်လို့ ခွင့်အသစ် တစ်ယောက်ကလွဲလို့ ကျန်တဲ့ ပုဂ္ဂိုလ်တွေဟာ မနက်က ပြည်ထောင်စုလွှတ်တော် နာယကအနေနဲ့ ခွင့်ပြုပြီးသားဖြစ်ပါတယ်။ ဒီအသစ်နဲ့ပတ်သက်လို့ ဦးအေး တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း သည် နေမကောင်းပါသဖြင့် ယနေ့ ၂၀.၃.၂၀၁၂ နေ့အား ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ယင်း၏ကိုယ်စား မန္တလေးတိုင်း မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၄း၃၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တ တိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွ င့်ပန်ကြား၍ ခွင့်ပြုထားသူ(၃၆)ဦးဖြစ်ပြီး ခွင့်မဲ့

ပျက်ကွက်မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတ က်ရောက်မှု အ ခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှ တ်တော် ဥက္ကဋ္ဌက အမျိုးသားလွှ တ်တော်က အတည်ပြုပြီး ပေးပို့ထား သော အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၄း၃၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု က အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသော အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ၉-၃-၂၀၁၂ ရက်နေ့တွင် အမျိုးသား လွှတ်တော်၌ အဆိုတင်သွင်းခဲ့ပြီး ၁၄-၃-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၁၅-၃-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ၁၉-၃-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပေါ် ပြင်ဆင်ချက်မရှိ သ ဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ အကြောင်းပြန်ကြားလာပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကအတည်ပြုပြီးပေးပို့သော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချ က်ပေးပို့လာခြင်းကို လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြပါတယ်။

# ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အရေးကြီး ကုန်စည်နဲ့ ဝန်ဆောင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ် တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၂။**

**ဒေါ်နန်းနီနီအေး၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်** ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှ တ်တော် ကိုယ်စားလှယ်များရှင်။ အမျိုး သားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ကိုယ်စား အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းအပေါ် စိစစ် တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကျွန်မဒေါ်နန်းနီနီအေး မှ ဖတ်ကြားတင်ပြ ပါမယ်ရှင်။ အရေးကြီးကုန်စည်နှင့် ဝန် ဆောင်မှုဥပဒေကြမ်းအပေါ် စိစစ် တင်ပြခြင်း အစီရင်ခံစာ။ ရက်စွဲ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက်၊ နိဒါန်း။ အပိုဒ် (၁) ပြည်သူ့ လွှတ်တော်၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်စွဲပါစာအမှတ်၊ ဝ၅/ပသ(ကမတ) ၁/၂၀၁၂-၇၅ ဖြင့် ပေးပို့လာသည့် အ ရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းအား အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း(၅)ခန်းနှင့် ပုဒ်မ ပေါင်း(၁၂) ခုပါရှိပါသည်။ လေ့လာတွေ့ရှိချက်။ အပိုဒ် (၂) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ ပေးပို့ လာသည့် အချက်များကို ပြင်ဆင်အစားထိုး သင့်ကြောင်း တွေ့ရှိ၍ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ (က)ဤဥပဒေကြမ်း၊ ခေါင်းစဉ်ပုံစံမှာ မှားယွင်း၍စံမှန်အောင် ပြင်ဆင်ခဲ့ပါသည်။(ခ) ဤဥပဒေကြမ်း၊

အခန်း(၁)ပုဒ်မ၂၊ ပုဒ်မခွဲ(ဂ) မူလအဓိပ္ပါယ်ဖွင့်ဆိုချက် အရေးကြီးကုန်စည်အားပြည်သူ့လွှတ်တော်က အတည်ပြုအစားထိုးခဲ့သည့် အရေးကြီးပစ္စည်းဟုလည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် သက်ရှိပစ္စည်း သို့မဟုတ် သက်မဲ့ပစ္စည်းဟုပါရှိ၍ ပစ္စည်းတွင် သက်ရှိပစ္စည်း မရှိသောကြောင့် မူလဖွင့်ဆိုသည့်အတိုင်း အရေးကြီးကုန်စည်ဟုလည်းကောင်း၊ အဓိပ္ပာယ်ဖွင့် ဆိုချက်ပါ သက်ရှိပစ္စည်း သို့မဟုတ် သက်မဲ့ပစ္စည်းဟူသည့် စကားရပ်အား သက်ရှိကုန်စည် သို့မဟုတ် သက်မဲ့ကုန်စည်ဟုလည်းကောင်း ပုဒ်မ ၃၊ ပုဒ်မ ၄(က)၊ ပုဒ်မ ၄(ခ) နှင့် ပုဒ်မ ၉ တို့ပါ အရေးကြီးပစ္စည်းဟူသော စကားရပ်များနှင့် ပစ္စည်း ဟူသော စကားရပ်များနေရာတွင် အရေးကြီး ကုန်စည်နှင့် ကုန်စည်ဟူသော စကားရပ်များဖြင့် ပြင်ဆင်ခဲ့ပါသည်။ ထို့အတူ ဥပဒေအမည်ကိုလည်း အ ရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ဟု မူလဥပဒေ အမည်သို့ ပြောင်းလဲ ခဲ့ပါသည်။ အပိုဒ် (ဂ) ဤဥပဒေကြမ်းအခန်း၊ (၄) ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းပုဒ်မ ၅ တွင် ငွေဒဏ်ပမာဏ မပါရှိ၍ ငွေဒဏ်ဟူသည့် စကားရပ်ရှေ့တွင် ကျပ်ငါးသိန်းထက်မပိုသော ဟူသည့် စကားရပ်ကို ဖြည့်စွက်ခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်။ အပိုဒ်(၃) ပြည်သူ့လွှတ်တော်က ပေးပို့လာသည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကို ဤဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းခေါင်းစဉ် ပုံစံမှန်အောင် ပြင်ဆင်ခဲ့ခြင်း၊ ဥပဒေကြမ်းအမည်ကို အဆိုပြုဥပဒေကဲ့သို့ ပြင်ဆင်ခြင်း၊ အရေးကြီးပစ္စည်း ဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက် အမည်အား အရေးကြီးကုန်စည်ဟု ပြင်ဆင်ပြီး ဆက်စပ်သည့် ပုဒ်မ ၃၊ ပုဒ်မ ၄ (က)(ခ) ပုဒ်မ ၉ တို့ပါ အရေးကြီးပစ္စည်းနှင့် ပစ္စည်းဟူသော စကားရပ်များကို အရေးကြီး ကုန်စည်နှင့် ကုန်စည်ဟု ပြင်ဆင်ခြင်းနှင့် ပုဒ်မ ၅ တွင် ကျပ်ငါးသိန်းထက်မပိုသောဟူသော စကားရပ်ကို ငွေဒဏ်ဟူသည့် စကားရပ်ရှေ့တွင် ဖြည့်စွက်ခြင်းတို့မှအပ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် အတိုင်း လက်ခံ၍ ဤဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါတယ်ရှင်၊ ဤဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၄း၄၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြပြီး လက်မှတ်ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ အမျိုး သား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ နောက် ဦးမြညိမ်း တို့ နိုင်ငံခြားသုံးငွေနဲ့ ပတ်သက် တဲ့ဥစ္စာက ဒီနေ့ သူတို့ဆီ က IMF ရဲ့ စံတွေရမယ် ပြောတယ်။ ရမယ်ဆို တော့ ဒီမှာ မနက်ဖြန်မှာ အဲဒီကိစ္စကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်သွင်းရမှာ ဖြစ်တယ်။ မတင်သွင်းရသေးဘူး မဟုတ်လား။ မရသေးဘူး နော်။ ဥပဒေက ရပြီမဟုတ်လား။ ဥပဒေကြမ်းကော်မတီက Report တင်ပြီးသားလား။ အခုဟာ ပြင်ဆင်ချက်တွေ လာတဲ့ကိစ္စကို ဆွေးနွေးရုံပဲပေါ့။ မနက်ဖြန် ဆွေးနွေးရုံပဲပေါ့။ မဟုတ်ဘူးလေ။ အဲဒါကြောင့် ဒီနေ့ရလို့ရှိရင် မနက်ဖြန် ကို ခင်ဗျားတို့ လိုအပ်လို့ရှိရင် ခင်ဗျားတို့ အဖွဲ့ထွက်ပြီးတော့ ဟိုဟာ လုပ်ထားလိုက်။ ဥပဒေကြမ်းကော်မတီနဲ့တွေ့ရှိချက်ကို လုပ်ထားလိုက်ပါ။လွှတ်တော်ကိုယ်စားလှယ် တွေကလည်း အဲဒီဥပဒေက အရင်ကလည်း ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ထပ်မံဆွေးနွေးရန် ရှိလို့ရှိရင်လည်း မနက်ဖြန် ဆွေးနွေးနိုင်အောင် ပြင်ဆင်ထားဖို့ ဒါ ပြောချင်တာပါ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်(၁၇) ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်း ကြေညာခြင်း

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) မြောက်နေ့ကို ရပ်နားပါမယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ်၊အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး(၁၇) ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]